# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

March 19 , 2024 Volume 76, Number 13

၁၉.၃.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၁၅၆ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၀.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၅.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၇.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၉.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၁.၆၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၁၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၆.၈၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၃.၇၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၂၆၁ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## ဝါးထွက်ကုန်များ ပြည်ပဈေးကွက်သို့ ယှဉ်ပြိုင်နိုင်ရန် လက်မှုပညာရှင်များ ပိုမိုလိုအပ်နေ



မြန်မာနိုင်ငံမှ ဝါးထွက်ကုန်များ ပြည်ပဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရန်အတွက် ဝါးလက်မှုပညာရှင်များ ပိုမိုပေါ်ထွက်ရန်လိုအပ်နေပြီး လက်ရှိတွင် သင်တန်းများလည်း နည်းပါးနေသေးကြောင်း ဝါးစိုက်ပျိုးထုတ်လုပ်ရေးအသိုင်းအဝိုင်းမှ သိရသည်။

"ကမ္ဘာမှာဝါးပစ္စည်းက တော်တော်လေးတွင်ကျယ်တယ်။ ဥရောပဘက်မှာဆိုရင် မလေးရှားကနေပို့တဲ့ ဝါးပစ္စည်းက တော်တော်လေးရောင်းရတယ်။ ကျွန်မတို့က တွင်တွင်ကျယ်ကျယ် မလုပ်နိုင်သေးဘူး" ဟု မြန်မာနိုင်ငံ ဝါးစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအစုအဖွဲ့ မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံတွင် ဝါးလက်မှုလုပ်ငန်းများ ပိုမိုတွင်ကျယ်လာရန်အတွက် သင်တန်းများလိုအပ်ပြီး ဝါးများကို စနစ်ကျထိန်းသိမ်းရန် လိုအပ်ကြောင်းလည်း ၎င်းက ဆိုသည်။

လက်ရှိတွင် မြန်မာ့ဝါးထွက်ကုန်များကို တရုတ်၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ နယ်သာလန်၊ ပါကစ္စတန်၊ စင်ကာပူ၊ ဗီယက်နမ်၊ အီတလီ၊ တရုတ် (တိုင်ပေ) နှင့် ဗြိတိန် စသည့်နိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

ပြည်တွင်းရှိ ပုဂ္ဂလိကဝါးစိုက်တောင်သူများအား ဝါးစိုက်ခင်းများကို စက်မှုကုန်ကြမ်းစိုက်ခင်းများအဖြစ် တည်ထောင်စိုက်ပျိုးခွင့်ပြုထားပြီး ဝါးတောများပျက်စီးပြုန်းတီးမှု မရှိစေရန် သစ်တောဥပဒေဖြင့် ကာကွယ်ထိန်းသိမ်းလျက်ရှိကြောင်းလည်း သိရသည်။

ပြည်တွင်း၌ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်မှ ကူညီဆောင်ရွက်လျက်ရှိရာ သစ်တောဦးစီးဌာနအနေဖြင့်လည်း သစ်တောထွက်ပစ္စည်းများကို အချောထည်များပြုလုပ်၍ ပြည်ပသို့ တင်ပို့နိုင်စေရန်နှင့် ပုဂ္ဂလိကစက်မှုကုန်ကြမ်းဝါးစိုက်ခင်းများ တည်ထောင်နိုင်စေရန် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

**Source:** https://www.popularmyanmar.com/?p=152390

## မုံရွာမြို့နယ်၌ ကွမ်းဈေးနှုန်းများ ဆက်လက်ကျဆင်း၍ အရောင်းအဝယ်ဖြစ်လျက်ရှိ



စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၌ ကွမ်းကို မိမိတို့အိမ်ခြံဝင်းအတွင်း တစ်နိုင်တစ်ပိုင်အနေဖြင့်လည်းကောင်း၊ အပိုဝင်ငွေ ရရှိရန်အတွက်လည်းကောင်း စိုက်ပျိုးကြကြောင်း၊ ကွမ်းကို ဆောင်းစိုက်နှင့်မိုးစိုက်ဟူ၍ နှစ်မျိုးခွဲ၍ စိုက်ပျိုးကြရာ မိုးစိုက်သည် ပိုးကျလွယ်သည့်အတွက် အနည်းငယ်သာ စိုက်ပျိုးကြပြီး ဆောင်းစိုက်ကိုသာ ပိုမိုစိုက်ပျိုးကြကြောင်း သိရသည်။

မုံရွာမြို့နယ်၌ ဖြစ်ပေါ်နေသော ကွမ်းဈေးနှုန်းများအနေဖြင့် အရည်အသွေးအပေါ်မူတည်၍ ဖေဖော်ဝါရီလ စတုတ္ထပတ်တွင် ကွမ်းတစ်ပိဿာလျှင် ငွေကျပ် ၅၀၀၀-၇၀၀၀ ဖြင့်လည်းကောင်း၊ မတ်လပထမပတ်တွင် ငွေကျပ် ၃၀၀၀-၄၀၀၀ ဖြင့်လည်းကောင်း၊ မတ်လ ဒုတိယပတ်တွင် ငွေကျပ် ၂၀၀၀-၂၅၀၀ ဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဆောင်းအကုန် နွေအကူးရာသီချိန်တွင် ကွမ်းအထွက်နှုန်းတိုးလာပြီး ဈေးကွက်အတွင်း ကုန်စည်ဝင်ရောက်မှုများပြားကာ ဈေးနှုန်းများဆက်လက်ကျဆင်း၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ကွမ်းစိုက်တောင်သူများထံမှ သိရှိရသည်။

**Source: DOCA (စစ်ကိုင်း)**

https://www.commerce.gov.mm/my/article/update-news-local-trade/%E1%80%99%

## ကျောက်ဆည်ခရိုင်တွင် ဆောင်းနှမ်းသီးနှံများ အောင်မြင်စွာရိတ်သိမ်းပြီးစီး



မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်လျက်ရှိပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ဆီထွက်သီးနှံဖြစ်သည့် နှမ်းကို တစ်နှစ်ပတ်လုံး စိုက်ပျိုးလျက်ရှိကြောင်း၊ ဆောင်းနှမ်းစိုက်ပျိုးမှုအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၌ ကျောက်ဆည်မြို့နယ်တွင် ၄၃၈၉ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၉၆၃ ဧက၊ မြစ်သားမြို့နယ်တွင် ၅၀၁၀ ဧက၊ စုစုပေါင်း ၁၀၃၆၂ ဧက စိုက်ပျိုးနိုင်ခဲ့ရာ လက်ရှိအချိန်တွင် ဆောင်းနှမ်းစိုက်ဧကအားလုံး ရိတ်သိမ်းပြီးဖြစ်ကြောင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်အနေဖြင့် ဆောင်းနှမ်းတစ်ဧကလျှင် ၃,၀၀,၀၀၀ ကျပ်ခန့်ကုန်ကျပြီး အထွက်နှုန်းအနေဖြင့် ၈-၉ တင်းခန့်ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ဆောင်းနှမ်း စတင်ထွက်ပေါ်ချိန်တွင် နှမ်းဖြူတစ်တင်းလျှင် ၁,၃၃,၀၀၀ ကျပ်ဖြင့်လည်းကောင်း၊ နှမ်းညိုတစ်တင်းလျှင် ၁,၀၃,၀၀၀ ကျပ်ဖြင့်လည်းကောင်း၊ နှမ်းနက်ရိုးရိုး တစ်တင်းလျှင် ၈၀,၀၀၀ ကျပ်ဖြင့်လည်းကောင်း၊ နှမ်းဆီတစ်ပိဿာလျှင် ၁၃,၀၀၀ ကျပ်ဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်ခဲ့ပြီး လက်ရှိအချိန်တွင် နှမ်းဖြူတစ်တင်းလျှင် ၁,၃၅,၀၀၀ ကျပ်ဖြင့်လည်းကောင်း၊ နှမ်းညိုတစ်တင်းလျှင် ၁,၀၀,၀၀၀ ကျပ်ဖြင့်လည်းကောင်း၊ နှမ်းနက်ရိုးရိုး တစ်တင်းလျှင် ၇၅,၀၀၀ ကျပ်ဖြင့်လည်းကောင်း၊

နှမ်းဆီတစ်ပိဿာလျှင် ၁၄,၂၀၀ ကျပ်ဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ၇၀၀၀၀၀/၈၀၀၀၀၀ ကျပ်ခန့် အမြတ်ရရှိကြောင်း ဆောင်းနှမ်းစိုက်တောင်သူတစ်ဦးထံမှ သိရှိရသည်။

**Source: DOCA (မန္တလေး)**

https://www.commerce.gov.mm/my/article/update-news-local-trade/%E1%80%80%E1%80%80

## ဝယ်ယူမှုမြင့်တက်နေသည့်သကြား မန္တလေးဈေးကွက်အတွင်း ပိုမိုရောင်းချနေရဟုဆို



မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့မှ ထွက်ရှိသည့်သကြားများကို တရုတ်နိုင်ငံနှင့်ဗီယက်နမ်နိုင်ငံတို့မှ ဝယ်ယူမှုများပြားနေကြောင်း မြန်မာနိုင်ငံသကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်းမှ သိရသည်။

ပြည်တွင်း/ပြည်ပဝယ်လိုအား မြင့်တက်နေခြင်းကြောင့် သကြားတစ်ပိဿာလျှင် ၄၂၀၀ မှ ၄၃၀၀ အထိဈေးရရှိနေပြီး နိုဝင်ဘာလကုန်မှ ဧပြီလဆန်းအထိ ကြံကြိတ်ရာသီဖြစ်ကြောင်း သိရသည်။

ယခုနှစ်ကြံရာသီတွင် ပြည်ပသို့ တန်ချိန် ၉၀,၀၀၀ မှ ၁,၀၀,၀၀၀ အထိ တင်ပို့ရန်ခန့်မှန်းထားပြီး လက်ရှိအချိန်ထိ ၃၅ ရာခိုင်နှုန်း တင်ပို့ပြီးဖြစ်ကြောင်းလည်း သိရသည်။

မြန်မာ့သကြားကို ဗီယက်နမ်သို့ အဓိကတင်ပို့နေပြီး အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့်အင်ဒိုနီးရှား အပါအဝင် အာဆီယံနိုင်ငံများက ဝယ်ယူရန် ကမ်းလှမ်းထားကြောင်း သိရသည်။

မြန်မာတစ်နိုင်ငံလုံးတွင် ကြံစိုက်ဧက လေးသိန်းသုံးသောင်းကျော်ရှိပြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့်တောင်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတွင် အဓိကစိုက်ပျိုးနေခြင်းဖြစ်သည်။

**Source:** https://www.popularmyanmar.com/?p=152472

## တာချီလိတ်၌ ကုန်ပစ္စည်းတင်သွင်း/တင်ပို့လုပ်ငန်းများကို MACCS စနစ်ဖြင့် ဆောင်ရွက်မည်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၌ ကုန်ပစ္စည်းတင်သွင်း/တင်ပို့လုပ်ငန်းများနှင့်ဆက်စပ်သည့် အကောက်ခွန်ဆိုင်ရာ ကုန်ပစ္စည်းရှင်းလင်းရေးလုပ်ငန်းစဉ်များကို မြန်မာအလိုအလျောက် ကုန်စည်ရှင်းလင်းရေးစနစ် (MACCS)စနစ်ဖြင့် ယခုမတ်လ ၂၂ ရက်တွင်စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာနက ထုတ်ပြန်ထားသည်။

မြန်မာအလိုအလျောက် ကုန်စည်ရှင်းလင်းရေးစနစ် (Myanmar Automated Cargo Clearance System) ကို ရန်ကုန်၊ မြဝတီနယ်စပ်ဒေသ၊ မူဆယ်နယ်စပ်ဒေသနှင့် ချင်းရွှေဟော်နယ်စပ်ဒေသတို့တွင် အသုံးပြုလျက်ရှိပြီး ယခုအခါတိုးချဲ့ဒေသအဖြစ် တာချီလိတ်နယ်စပ်ဒေသတွင် ဆက်လက်အသုံးပြုသွားမည်ဖြစ်ကြောင်း ယင်းထုတ်ပြန်ချက်အရသိရသည်။

တာချီလိတ်နယ်စပ်ဒေသတွင် MACCS စနစ် အသုံးပြုနိုင်ရန် အကောက်ခွန်ဦးစီးဌာနမှဝန်ထမ်းများ၊ ကုန်သွယ်မှုဆက်စပ်ဌာနများ၊ တာချီလိတ်နယ်စပ်ကုန်သည်ကြီးများအသင်း၊ တာချီလိတ်မြို့ရှိ ကုန်ပစ္စည်းတင်သွင်း/တင်ပို့သည့်ကုမ္ပဏီများနှင့် အကောက်ခွန်ဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်းတို့၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ခဲ့ရာ ကုန်သွယ်မှုဆက်စပ်ဌာနများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်ခြင်း၊ MACCS အသုံးပြုသူများအတွက် စနစ်အသုံးပြုမှုဆိုင်ရာ စာတွေ့လက်တွေ့သင်တန်းများ ဖွင့်လှစ်ပို့ချခြင်းနှင့် စနစ်စမ်းသပ်အသုံးပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**Source:** https://t.me/sdtimedai

## ပခုက္ကူကုန်စည်ဒိုင်တွင် ပဲစင်းငုံနီဈေးနှုန်းများ ပြန်လည်မြင့်တက်လာ



မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ဆိပ်ဖြူမြို့၊ ပဲစင်းငုံနီစိုက်ပျိုးရာဒေသများဖြစ်ကြသော မြိုင်၊ ရေစကြို၊ ဆိပ်ဖြူ ပေါက်မြို့များအပြင် ပခုက္ကူမြို့နယ်အတွင်းရှိ ကံတော်၊ ကံလှ၊ ဒဟက်ခြောက်၊ ချောက်ကန်အုပ်စုဖြစ်သော အရှေ့ချောက်ကန်၊ အနောက်ချောက်ကန်၊ လက်ပံကန်၊ ကိုးပင်နှင့်ကိုင်းအုပ်စုရှိကျေးရွာများ၊ အင်ပင်ကျေးရွာများမှ သက်လတ်ပဲစင်းငုံနီများ ထွက်ရှိလျက်ရှိပါသည်။ ပခုက္ကူကုန်စည်ဒိုင်သည် မြို့၏စီးပွားရေးအချက်အချာကျ၍ နေရာဒေသပေါင်းစုံဖြစ်သော မန္တလေးတိုင်းဒေသကြီးအတွင်းရှိ နယ်များ၊ ကျောက်ပန်းတောင်း၊ ညောင်ဦးနယ်များမှ ထွက်ရှိသော ပဲစင်းငုံနီများလည်း ဝင်ရောက်အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ပဲစင်းငုံနီဈေးနှုန်းများသည် မတ်လ(ပထမပတ်)တွင် ပြန်လည်မြင့်တက်လာသည်။ ဖေဖော်ဝါရီလ (စတုတ္ထပတ်)တွင် ပဲစင်းငုံနီ တစ်တင်းလျှင် ကျပ်(၁,၁၅,၆၀၀)ရှိခဲ့ပြီး မတ်လ(၁)ရက်နေ့မှစ၍ ပဲစင်းငုံနီဈေးသည် တစ်တင်းလျှင် ကျပ် (၁,၁၉,၀၀၀) မြင့်တက်နေသည်။ မတ်လ (ပထမပတ်)တွင် ပဲစင်းငုံနီဒိုင်ပြတ်ဈေးမှာ တစ်တင်းလျှင် ကျပ်(၁,၂၀,၀၀၀-၁,၂၅,၀၀၀)ဈေးနှုန်းဖြင့် နေ့စဉ်အိတ်ရေ (၅၀၀မှ ၂၀၀၀)ကျော်ထိအရောင်းအဝယ်ဖြစ်လျက်ရှိပြီး တင်ပို့မှုအနေဖြင့် ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်နှင့် ပြည်ပနိုင်ငံများသို့လည်းတင်ပို့နေရကြောင်း ကုန်စည်ဒိုင်မှသိရှိရသည်။

Source: https://www.doca.gov.mm

Myantrade.gov.mm

## ပြည်ပသို့ ရော်ဘာတင်ပို့နိုင်ရေး အိန္ဒိယရော်ဘာဘုတ်အဖွဲ့ ဆောင်ရွက်မည်



ကမ္ဘာ့ရော်ဘာဈေးနှုန်းများ မြင့်တက်လျက်ရှိသော်လည်း အိန္ဒိယပြည်တွင်း၌ ဈေးနှုန်းများလိုက်ပါပြောင်းလဲမှု ရပ်တန့်နေသဖြင့် ပြည်တွင်းဈေးကွက် ခိုင်မာအားကောင်းစေရေးအတွက် ပြည်ပတင်ပို့မှုကို မြှင့်တင်ဆောင်ရွက်ရန် အိန္ဒိယတောင်သူများက တောင်းဆိုလျက်ရှိကြောင်း သိရသည်။

နိုင်ငံတကာဈေးကွက်၌ သဘာဝရော်ဘာဈေးနှုန်းများမှာ ၁ ကီလိုဂရမ်လျှင် ရူပီးငွေ ၂၀၀ အထက်သို့ ကျော်လွန်လာခဲ့ရာ အိန္ဒိယပြည်တွင်းရှိ ရော်ဘာအဓိကထုတ်လုပ်ရာဒေသဖြစ်သော Kottayam ဈေးကွက်တွင်လည်း ၁၂-၃-၂၀၂၄ နေ့၌ ၁ ကီလိုဂရမ်လျှင် ၁၇၅ ရူပီးနှုန်းသို့ ရောက်ရှိခဲ့သည်။ ပြည်တွင်းရော်ဘာဈေးနှုန်းများကို နိုင်ငံတကာဈေးနှုန်းများနှင့်အညီ လိုက်ပါချိန်ညှိရန် ဖိအားများသက်ရောက်မှုနှင့်အတူ အိန္ဒိယရော်ဘာဘုတ်အဖွဲ့သည် ပြည်ပသို့ သဘာဝရော်ဘာတင်ပို့ရေး လှုံ့ဆော်မှုများကို စတင်ဆောင်ရွက်လျက်ရှိကြောင်း၊ ၁၅-၃-၂၀၂၄ နေ့တွင် ရော်ဘာပို့ကုန်လုပ်ငန်းရှင်များနှင့်တွေ့ဆုံပြီး ပြည်တွင်းဈေးကွက် သုံးသပ်ခြင်းနှင့် ရော်ဘာအဆင့်အတန်း အမျိုးအစားအလိုက် ပြည်ပဈေးကွက်တင်ပို့နိုင်မည့် အလားအလာဖော်ထုတ်ခြင်းတို့ကို ဆွေးနွေးရန်စီစဉ်ထားရှိကြောင်း The New Indian Express သတင်းဌာနက ဖော်ပြသည်။

ပြည်တွင်းရော်ဘာဈေးနှုန်းများမှာ ကမ္ဘာ့ဈေးကွက်နှင့်အညီ တိုးတက်ပြောင်းလဲမှုမရှိဘဲ ရပ်တန့်နေခြင်းသည် လော့ဆာဘလွှတ်တော်အတွက် ဆန္ဒမဲပေးပွဲများ ကျင်းပမှုမတိုင်မီကာလ၌ အဓိကဆွေးနွေးအဖြေရှာရမည့် ကိစ္စတစ်ရပ်ဖြစ်လာခဲ့သည်။ နိုင်ငံတစ်ဝန်း၌ ရော်ဘာဈေးနှုန်းများကို ကြိုးကိုင်ချယ်လှယ်နိုင်ရန်အတွက် ပြည်တွင်းရှိ တာယာကုမ္ပဏီများအနေဖြင့် ရော်ဘာပို့ကုန် ဈေးကွက်အတွင်း ဝင်ရောက်မှုမပြုဘဲ ရည်ရွယ်ချက်ရှိစွာ ရှောင်ခွာနေကြသည်ဟု တောင်သူများက ထင်မြင်လျက်ရှိသည်။ ထို့ပြင် ပြည်ပသို့ ရော်ဘာတင်ပို့ခြင်းကသာ အဆိုပါကုမ္ပဏီများအား တာယာထုတ်လုပ်သည့်လုပ်ငန်းအတွက်

ပြည်တွင်းမှကုန်ကြမ်းကို အရင်းအမြစ်အဖြစ်ရယူစေရန် တောင်းဆိုနိုင်ပြီး ဈေးနှုန်းများကို မြင့်တက်စေနိုင်မည်ဟု ၎င်းတို့က ရှုမြင်ထားကြသည်။ သို့ဖြစ်ရာ ရော်ဘာဘုတ်အဖွဲ့၏ မည်သည့်ကြားဝင်ဆောင်ရွက်မှုမဆို အဆိုပါဒေသတွင်း၌ အရေးပါသည့် နိုင်ငံရေးဆိုင်ရာ တိုးတက်မှုတစ်ရပ်ကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။

ရော်ဘာထုတ်လုပ်သူများ၏ လူမှုရေးအသင်းများ အမျိုးသားအဆင့်ပူးပေါင်းအဖွဲ့ (NCRPS) မှ ကိုယ်စားလှယ်များသည် ၁၁-၃-၂၀၂၄ နေ့တွင် အိန္ဒိယရော်ဘာဘုတ်အဖွဲ့၏ ဥက္ကဋ္ဌနှင့်တွေ့ဆုံလျက် ရော်ဘာတင်ပို့နိုင်ရေး ကြားဝင်ဆောင်ရွက်ပေးရန် တောင်းဆိုခဲ့ကြသည်။ ထိုသို့တွေ့ဆုံရာ၌ ရော်ဘာတင်ပို့မှုကို အမြဲမပြတ်ဆောင်ရွက်နိုင်ရေးအတွက် ရော်ဘာဘုတ်အဖွဲ့အောက်ရှိ ကုမ္ပဏီများနှင့် ရော်ဘာထုတ်လုပ်သည့် လူမှုရေးအသင်းများအကြား ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းစီမံချက်တစ်ရပ်ကို ချမှတ်ထားပြီးဖြစ်သည်ဟု ရော်ဘာဘုတ်အဖွဲ့ဥက္ကဋ္ဌက ပြောကြားခဲ့ကြောင်း၊ ရော်ဘာဝယ်ယူရေးလုပ်ငန်းများအတွက် ဖြစ်နိုင်ခြေရှိသော အထောက်အပံ့များပေးအပ်ရန် ၎င်းဘုတ်အဖွဲ့က စဉ်းစားလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် အပြုသဘောရလဒ် ထွက်ပေါ်မည်ဟု ရှုမြင်ထားကြောင်းဖြင့် NCRPS မှ အထွေထွေအတွင်းရေးမှူး Babu Joseph က ပြောဆိုခဲ့သည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီလအတွင်း အိန္ဒိယရော်ဘာ၏ဈေးနှုန်းများမှာ ထိုင်းနိုင်ငံဘန်ကောက်ဈေးကွက်၌ ဖြစ်ပေါ်သော ဈေးနှုန်းများ၏အောက်သို့ ကျဆင်းမှုဖြစ်ပေါ်ခဲ့သည်။ အိန္ဒိယရော်ဘာဘုတ်အဖွဲ့၏ အချက်အလက်များအရ ၁၂-၂-၂၀၂၄ နေ့၌ မိုင်းခံရော်ဘာအဆင့်-၄ (RSS-4) ဈေးနှုန်းသည် ၁ ကီလိုဂရမ်လျှင် ဘန်ကောက်ဈေးကွက်တွင် ၂၁၇ ဒသမ ၄၃ ရူပီးနှုန်းခန့်ရှိပြီး အိန္ဒိယပြည်တွင်း၌ ၁၇၅ ရူပီးနှုန်းသာရှိကြောင်း တွေ့ရသည်။

ရော်ဘာအဓိကထုတ်လုပ်တင်ပို့သည့် ထိုင်း၊ အင်ဒိုနီးရှားနှင့်အိုင်ဗရီကို့စ်နိုင်ငံများတွင် ရောင်းလိုအားပြတ်လပ်မှုဖြစ်ပေါ်ခြင်းကြောင့် ကမ္ဘာ့ရော်ဘာဈေးနှုန်းများ မြင့်တက်လာခဲ့ခြင်းဖြစ်သည်။ အရှေ့တောင်အာရှဒေသနိုင်ငံများတွင် ဆောင်းရာသီကာလ ကျရောက်မှုနှင့်အတူ နီဝင်ဘာ-ဒီဇင်ဘာကာလများအတွင်း ရာသီဥတုကောင်းမွန်မှုမရှိခြင်းက ရော်ဘာထုတ်လုပ်မှုကို ကျဆင်းစေခဲ့သည်။

အိန္ဒိယနိုင်ငံ၌ ပြည်ပသို့ရော်ဘာတင်ပို့ရန် ဆွဲဆောင်မှုအဖြစ် ပို့ကုန်အပေါ် အခွန်အခများ ပြန်လည်ထုတ်ပေးသည့် အစီအစဉ်အောက်တွင် သင်္ဘောပေါ်အရောက်တင်ပို့မှု FOB တန်ဖိုးအပေါ် ၁ ဒသမ ၄ ရာခိုင်နှုန်း အကျိုးခံစားခွင့်ကို ဗဟိုအစိုးရက ခွင့်ပြုပေးလျက်ရှိသည်။ အိန္ဒိယရော်ဘာဘုတ်အဖွဲ့အနေဖြင့် အိန္ဒိယသဘာဝရော်ဘာဟူသော အမှတ်တံဆိပ်ဖြင့် အရည်အသွေးကောင်းမွန်သည့် ရော်ဘာများကို ပထမဆုံးအကြိမ်အဖြစ် အသိအမှတ်ပြုလက်မှတ်ထုတ်ပေးလျက် ပြည်ပတင်ပို့မှု တိုးမြှင့်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**Source: The New Indian Express, 13 Mar 2024 (လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန် များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

**https://www.doca.gov.mm**

## ပုပ်သိုးလွယ်သောသီးနှံများ၊ ဟင်းသီးဟင်းရွက်များတင်သွင်းမှုအတွက် အသိပေးချက်ထုတ်ပြန်ပေးရန် ထိုင်းအစိုးရကို ထိုင်းစက်မှုလုပ်ငန်းအသင်းချုပ်က တောင်းဆိုထား

လယ်ယာထွက်ကုန်အချို့တွင် အဆိပ်အတောက်ဖြစ်စေသည့် ပိုးသတ်ဆေးများပါဝင်မှုကို တွေ့ရှိခဲ့ပြီးနောက် အိမ်နီးချင်းနိုင်ငံများနှင့် တရုတ်နိုင်ငံတို့မှ တင်သွင်းထားသည့် သစ်သီးဝလံများနှင့် ဟင်းသီးဟင်းရွက်များကို ပိုမိုသေချာစွာ စစ်ဆေးပေးရန် အစိုးရကို ထိုင်းစက်မှုလုပ်ငန်းအသင်းချုပ် (Federation of Thai Industries-FTI) က တောင်းဆိုထားကြောင်း၊ နိုင်ငံအများအပြားတွင် တားမြစ်ထားသည့် အဆိပ်အတောက်ဖြစ်စေသော ဓာတုပစ္စည်းများပါဝင်သည့် သစ်သီးဝလံများနှင့်ဟင်းသီးဟင်းရွက်များကို ထိုင်းနိုင်ငံက ဆက်လက်တင်သွင်းခွင့်ပြုထားကြောင်း၊ စားသုံးသူများ အပေါ် ကျန်းမာရေးနှင့်မညီညွတ်သော အကျိုးသက်ရောက်မှုများမဖြစ်ပေါ်စေရန် လယ်ယာသွင်းကုန်များကို ပိုမိုဂရုတစိုက်စစ်ဆေးသွားရန်နှင့် စားသုံးသူများ၏ စိတ်ချယုံကြည်မှုရရှိရေး တင်သွင်းလာသည့် သစ်သီးဝလံများနှင့် ဟင်းသီးဟင်းရွက်များကို စစ်ဆေးမည့်သူများ အရေအတွက် တိုးမြှင့်ရန်အချက်ကိုလည်း ထည့်သွင်းစဉ်းစားသင့်ကြောင်း FTI ဥက္ကဋ္ဌ Mr. Kriengkrai Thiennukul ၏ ပြောကြားခဲ့မှုကို Bangkok Post သတင်းဌာနက ဖော်ပြထားသည်။

ထိုင်းနိုင်ငံသည် ပြည်ပမှ လိမ္မော်သီး ၊ ခရမ်းချဉ်သီး ၊ ကိုက်လန် (Kale)၊ ပင်စိမ်း ၊ ငရုတ်သီးနှင့်ပန်းဂေါ်ဖီတို့ တင်သွင်းပြီး ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလအတွင်း ပြီးခဲ့သည့်နှစ်ကထက် ၈ ဒသမ ၄ ရာခိုင်နှုန်း ပိုမိုတင်သွင်းကာ ကုန်သွယ်မှုတန်ဖိုး ဘတ် ၁၃ ဒသမ ၂ ဘီလီယံရှိကြောင်း FTI အရ သိရသည်။

ထိုင်းနိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှု တိုးတက်ရေးအတွက် အရေးပါသော စိုက်ပျိုးရေးကဏ္ဍတွင် သွင်းကုန်များ၏ အကျိုးသက်ရောက်မှုအပေါ် FTI က ဆောင်ရွက်နေပြီး သွင်းကုန်ပြဿနာများမှာ လယ်ယာကုန်စည်များကြောင့်သာ မဟုတ်ကြောင်း တွေ့ရသည်။

FTI သည် ယခင်ကကည်းက ပြည်တွင်းအသေးစားနှင့်အလတ်စားလုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်မှုစွမ်းရည်ကို ထိခိုက်စေသည့် စျေးပေါသော တရုတ်ပစ္စည်းများ ဝင်ရောက်လာခြင်းကို သတိပေးခဲ့ကြောင်း၊ ပြည်တွင်းထုတ်လုပ်သူများကို ထိခိုက်စေသော တရုတ်သွင်းကုန်အမျိုးစုမှာ သံမဏိ၊ အလူမီနီယမ် ၊ ပလတ်စတစ် ၊ ကြွေထည်များ ၊ ရေနံဓာတုဗေဒပစ္စည်းများနှင့် ဆေးဝါး စသည့်ကဏ္ဍ ၂၀ ခန့်ရှိကြောင်း၊ အချို့ထုတ်ကုန်များသည် လိုအပ်သောအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်ဝန်းကျင်ဆိုင်ရာ စံချိန်စံညွှန်းများနှင့် မကိုက်ညီနိုင်သောကြောင့် စစ်ဆေးရန်လိုအပ်ကြောင်း FTI ကဆိုသည်။

စျေးပေါပြီး စံချိန်မမီသော ကုန်ပစ္စည်းများဝင်ရောက်လာမှုကိုရပ်တန့်ရန် သွင်းကုန်များ၏အရည်အသွေးကို ထိုင်းစက်မှု စံချိန်စံညွှန်းဌာန (TISI) နှင့် အကောက်ခွန်ဦးစီးဌာနတို့ ပူးပေါင်းစစ်ဆေးရန် စက်မှုဝန်ကြီး Pimphattra Wichaikul က ညွှန်ကြားထားသည်။

သို့သော် အရည်အသွေးနိမ့်ပစ္စည်းအများအပြားမှာ ပြည်တွင်းသို့တင်သွင်းဆဲဖြစ်ကြောင်း Mr. Kriengkrai က အစောပိုင်းတွင် ပြောကြားခဲ့သည်။

**Source :** **https://www.bangkokpost.com**

## ကုန်စည်အမျိုးစုအပေါ် အကောက်ခွန်နှုန်းများကို ဖယ်ရှားတော့မည့် ဩစတြေးလျနိုင်ငံ

ဩစတြေးလျနိုင်ငံသည် စီးပွားရေးလုပ်ငန်းများအတွက်ကြိုးနီစနစ်ဖယ်ရှားပေးရန်နှင့် အိမ်ထောင်စုများအတွက် နေထိုင်မှုစရိတ်လျှော့ချနိုင်ရန် သွားတိုက်တံ၊ ပေါင်မုန့်မီးကင်စက်၊ အိမ်ထောင်စုသုံး ပစ္စည်းကိရိယာများ၊ အဝတ်အစားများ အပါအဝင် သွင်းကုန်အမျိုးစုအပေါ် ကောက်ခံသည့် အကောက်ခွန်နှုန်းထားများအား ဖယ်ရှားပေးမည်ဖြစ်ကြောင်း တနင်္လာနေ့က ထုတ်ပြန်ခဲ့သည်။

ဩစတြေးလျဘဏ္ဍာရေးဝန်ကြီး Jim Chalmer က အကောက်ခွန်များ ဖယ်ရှားလိုက်ခြင်းကြောင့် နှစ်စဉ်ကုန်သွယ်မှုတန်ဖိုး ဩစတြေးလျ ဒေါ်လာ ၈ ဒသမ ၅ ဘီလီယံခန့်မှာ ချောမွေ့သွားပြီး စီးပွားရေးလုပ်ငန်းများမှ သတ်မှတ်စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရသည့် ကုန်ကျစရိတ် ဩစတြေးလျ ဒေါ်လာသန်း ၃၀ ခန့်ကို သက်သာစေမည်ဖြစ်ကြောင်း၊ ဇူလိုင်လ ၁ ရက်နေ့မှစ၍ အနှောင့်အယှက်ဖြစ်စေသော အကောက်ခွန်လိုင်းပေါင်း ၅၀၀ ခန့်ကို ဖယ်ရှားသွားမည်ဖြစ်ပြီး ယင်းမှာ ဩစတြေးလျ ကုန်သွယ်မှုစနစ်ပြုပြင်ပြောင်းလဲရေးအတွက် အရေးကြီးသောခြေလှမ်းဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

လက်ရှိတွင် ကုန်စည်အမျိုးစုမှာ ကုန်သွယ်မှုသဘောတူညီချက်များကြောင့် သွင်းကုန်ခွန်ကင်းလွတ်ခွင့်ရသော်လည်း အကောက်ခွန်သက်သာခွင့်ရရှိရေး စီးပွားရေးလုပ်ငန်းများက စည်းမျဉ်းများနှင့်ကိုက်ညီကြောင်းပြသရသည့် ကုန်ကျစရိတ်များကို စားသုံးသူများအား ထည့်သွင်းကောက်ခံထားကြသည်။

ယခုဆောင်ရွက်မှုသည် နှစ်ပေါင်း ၂၀ အတွင်း အကြီးမားဆုံးသော တစ်ဖက်သတ်အခွန်ပြုပြင်ပြောင်းလဲရေး ဖြစ်ပြီး ဩစတြေးလျ စုစုပေါင်းအကောက်ခွန်နှုန်းများ၏ ၁၄ ရာခိုင်နှုန်းကို ဖယ်ရှားသွားမည်ဖြစ်ကြောင်း၊ အကောက်ခွန်လိုင်း အပြည့်အစုံကို မေလတွင်အပြီးသတ်မည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးက ပြောကြားခဲ့သည်။

**Source: Reuters**

**https://commerce.gov.mm**

# STOCK EXCHANGE (19.3.2024)

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 19th Mar, 2024

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,429 (Shares) | 22,381,750 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | -100 | -1.16% | 8,500 | 8,500 | 8,500 | 94 | 799,000 | 33,109,694 | 281,432 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,850 | 2,900 | 2,850 | 5,233 | 14,916,650 | 38,929,150 | 112,895 |
| MCB | 00003 | 7,700 | -100 | -1.28% | 7,500 | 7,800 | 7,500 | 569 | 4,375,500 | 10,400,986 | 80,088 |
| FPB | 00004 | 1,450 | -50 | -3.33% | 1,500 | 1,500 | 1,450 | 1,430 | 2,079,000 | 29,664,613 | 43,014 |
| TMH | 00005 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,450 | 0 | 0 | 12,823,224 | 31,417 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,750 | 6 | 10,500 | 19,977,223 | 34,960 |
| AMATA | 00007 | 4,600 | -100 | -2.13% | 4,600 | 4,600 | 4,600 | 11 | 50,600 | 10,497,598 | 48,289 |
| MAEX | 00008 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,750 | 86 | 150,500 | 23,804,946 | 41,659 |


YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

Stock trading data

As of 19th Mar, 2024

Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,429 (Shares) | 22,381,750 (MMK) |

Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | -100 | -1.16% | 8,500 | 8,500 | 8,500 | 94 | 799,000 | 33,109,694 | 281,432 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,850 | 2,900 | 2,850 | 5,233 | 14,916,650 | 38,929,150 | 112,895 |
| MCB | 00003 | 7,700 | -100 | -1.28% | 7,500 | 7,800 | 7,500 | 569 | 4,375,500 | 10,400,986 | 80,088 |
| FPB | 00004 | 1,450 | -50 | -3.33% | 1,500 | 1,500 | 1,450 | 1,430 | 2,079,000 | 29,664,613 | 43,014 |
| TMH | 00005 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,450 | 0 | 0 | 12,823,224 | 31,417 |
| EFR | 00006 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,750 | 6 | 10,500 | 19,977,223 | 34,960 |
| AMATA | 00007 | 4,600 | -100 | -2.13% | 4,600 | 4,600 | 4,600 | 11 | 50,600 | 10,497,598 | 48,289 |
| MAEX | 00008 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,750 | 86 | 150,500 | 23,804,946 | 41,659 |


## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 12:00 pm, 19th Mar, 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,586 (Shares) | 16,459,300 (MMK) |

| MYANPIX | 358.54 ▼ 2.31 |
|---|---|
| Total Volume (shares) | 5,586 |
| Total Value (MMK) | 16 mil |
| Listed Company | 8 |
| Market Cap. (MMK) | 676,277 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▼ 100 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 1,500 | ▲ 0 |
| TMH | 00005 | 2,450 | ▲ 0 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 4,600 | ▼ 100 |
| MAEX | 00008 | 1,750 | ▲ 0 |